# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 10, 2024 Volume 78, Number 7

၁၀.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၃.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၇.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၆၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မုဒုံမြို့နယ်ဒေသထွက် မင်းကွတ်သီးများစပေါ်ချိန် ဈေးကောင်းရရှိ



မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးပြည်နယ်ဖြစ်ရာ ကာလရှည်သီးနှံတစ်မျိုးဖြစ်သည့် ရာသီပေါ်မင်းကွတ်သီးများ စတင်ထွက်ရှိချိန် ယခင်နှစ်များထက် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

မင်းကွတ်သီးပင်များသည် မြေပြန့်နှင့်မြေဩဇာထက်သန်သော သဲနုန်းမြေပွ၊ ပူအိုက်စိုစွတ်ထိုင်းမှိုင်းသော ရာသီဥတုမျိုးကို ကြိုက်နှစ်သက်၍ အပင်များကို အစေ့မှ ပျိုးထောင်စိုက်ပျိုးခြင်းနှင့် ကိုင်းဆက်ကိုင်းကူးနည်းများဖြင့် အကျယ် ၃ ပေ၊ အနက် ၃ ပေအတွင်းမှ တစ်ပင်နှင့်တစ်ပင် ပေ ၂၀ ခန့်အကွာ စိုက်ပျိုးနိုင်ကြောင်း၊ ပျိုးပင်များ စိုက်ပျိုးပြီး (၁၀)နှစ် မှ (၁၂)နှစ် အရွယ်ရောက်ချိန်မှသာ အသီးစတင်ထွက်ရှိ၍ ခူးဆွတ်ရောင်းချနိုင်ပြီး အပင်တစ်ပင်လျှင် သက်တမ်း ၄၀ မှ ၅၀ နှစ် အထိ ရှင်သန်နိုင်ကာ ပိုးမွှားကင်းစင်သည့် အပင်တစ်မျိုးဖြစ်ကြောင်း၊ မင်းကွတ်သီးများ ယခုစတင်ထွက်ရှိချိန် တစ်လုံးလျှင် ငွေကျပ် ၃၀၀ မှ ၈၀၀ ကျပ်အထိ မြို့ပေါ်ဈေးများနှင့် မော်လမြိုင်၊ ပဲခူး၊ ရန်ကုန်၊ မန္တလေးအပြင် အခြားမြို့နယ်များကိုလည်း တင်ပို့ရောင်းချရကြောင်း မုဒုံမြို့နေ ခြံစိုက်တောင်သူတစ်ဦးကပြောသည်။

မုဒုံမြို့နယ်တွင် ဒေသထွက်သစ်သီးဝလံ မျိုးကောင်းမျိုးသန့်များကို ပြည်တွင်းပြည်ပတင်ပို့နိုင်ရန် သုတေသနပြုစိုက်ခင်းများ ပျိုးထောင်ထားရှိခြင်း၊ သစ်သီးဝလံ သုတေသနစိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံဖြန့်ဝေပေးခြင်း၊ သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့်ပူးပေါင်းပြီး တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_

## ဆိပ်ဖြူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲ(သီးထပ်)စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိနေ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ရော၀တီမြစ်ရိုးတလျှောက်ရှိ ကျေးရွာများ၌ ကိုင်းကျွန်းမြေနုများတွင် စိုက်ပျိုးသည့် မိုးကြက်သွန်နီ စိုက်ခင်းကွက်များတွင် ဆောင်းသီးနှံ ကုလားပဲ သီးထပ်စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိနေကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးလက်နေ ဒေသခံတောင်သူများသည် ကြက်သွန်နီအပြင် ကုလားပဲသီးနှံကို ဒုတိယအများဆုံး ဒေသစီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်များစွာက ကုလားပဲကို ဆောင်းတစ်ရာသီလျှင် တစ်ကြိမ်သာစိုက်ပျိုးကြောင်း၊ ပြီးခဲ့သည့်နှစ်မှစ၍ ကြက်သွန်နီခင်းကွက်များတွင် စတင်စိုက်ပျိုးလာပြီး ယခုနှစ်တွင် စိုက်ပျိုးမှုပိုမိုများလာကြောင်း သိရသည်။

ဆောင်းသီနှံ ကုလားပဲသီးထပ်စိုက်ပျိုးမှုကို ဒီဇင်ဘာလ၊ ဇန်နဝါရီလများတွင် မိုးကြက်သွန်နီစိုက်ခင်းများမတူးဖော်ခင်ရက်(၂၀)ခန့်အလိုတွင် ကြက်သွန်ခင်းမြောင်းကြား၌ တန်းကြား(၁)ပေ၊ ပင်ကြား(၅)လက်မအကွာဖြင့် မျိုးစေ့များကိုစူးထိုးပြီး အစေ့ချစိုက်ပျိုးကြောင်း၊ မတ်လကုန် ဧပြီလ လဆန်းပိုင်းတွင် သီးနှံများလှိုင်လှိုင်ရိတ်သိမ်းကြောင်း၊ တစ်ကေလျှင် မျိုးစေ့ (၂)တင်းခန့်ကုန်ကျကြောင်း၊ ယခုနှစ်တွင် ကုလားပဲသီးထပ်စိုက်ပျိုးမှုဧက (၇၀၀)ခန့်ရှိကြောင်း၊ ယခင်နှစ်တွင် စိုက်ဧက (၅၀၀)ခန့်သာစိုက်ပျိုးကြောင်း၊ ကုလားပဲသီးနှံသည် စိုက်ပျိုးရလွယ်ကူ၍ ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ်များစွာရရှိခြင်းကြောင့် ယခုနှစ်တွင် သီးထပ်စိုက်ပျိုးမှုကိုတိုးချဲ့စိုက်ပျိုးလာကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

စိုက်ပျိုးထွက်ရှိမှုအနေဖြင့် ကုလားပဲသီးနှံသည် မိုးရေကိုနှစ်သက်ခြင်းမရှိဘဲ မြေအောက်ရေကိုသာ ကြိုက်နှစ်သက်ခြင်းကြောင့် ယခုနှစ်သီးနှံစိုက်ပျိုးပြီး အပွင့်လိုက်ချိန်တွင် ရာသီဥတုကင်းစင်ပြီး မိုးရွာသွန်းခြင်းမရှိဘဲ ကုလားပဲတစ်ကေလျှင် (၂၂)တင်းခန့်ထွက်ရှိ၍ အထွက်နှုန်းကောင်းကြောင်း၊ ဈေးကွက်အနေဖြင့် သီးနှံပေါ်ချိန် ဧပြီလဆန်းပိုင်းတွင် ကုလားပဲများဈေးကွက်သို့လှိုင်လှိုင်ဝင်ရောက်လျက်ရှိကြောင်း၊ ပြည်ပဝယ်လိုအားနည်း၍ ပဲဈေးကွက်အနည်းငယ်ကျဆင်းပြီး တစ်တင်းလျှင် ကျပ်(၈၀,၀၀၀) ပေါက်ဈေးရှိ၍ တစ်ကေလျှင် ကျပ် (၁,၇၆၀,၀၀၀)ဝင်ငွေရရှိပြီး ကုန်ကျစရိတ်အနေဖြင့် သွန်းအားစုအမျိုးမျိုးထည့်သွင်းစိုက်ပျိုးထားရှိသော မိုးကြက်သွန်နီစိုက်ခင်းသစ်များတွင် သီးထပ်အဖြစ် ထပ်မံစိုက်ပျိုးခြင်းအပြင် မြေပြုပြင်စရိတ်နည်းခြင်းကြောင့် ကုန်ကျစရိတ်လျော့နည်း၍ တစ်ကေလျှင် ကျပ်(၄၀၀,၀၀၀)ခန့်ကုန်ကျပြီး အကျိုးအမြတ်အနေဖြင့် ကျပ်(၁,၃၆၀,၀၀၀)ခန့်ရရှိကြောင်း၊ တောင်သူတစ်ဦးလျှင် (၀ ဒသမ ၅)ကေမှ (၃)ကေထိ စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုကေများလျှင် များသည့်အတိုင်း အကျိုးအမြတ်ပိုမိုရရှိကြောင်း၊ ဆိပ်ဖြူမြို့မှထွက်ရှိသည့် ကုလားပဲများကို မြို့ပေါ်ရှိ ပဲပွဲရုံများနှင့် ချောက်မြို့ပေါ်ရှိ အေဝမ်းပွဲရုံသို့ ရောင်းချလျက်ရှိကြောင်း၊ ယခုအချိန်တွင် ကုလားပဲသီးနှံမှာ ပြည်တွင်းစားသုံးမှု ပိုမိုမြင့်မားလျက်ရှိပြီး ပြည်ပဝယ်လိုအားလည်းကောင်း၍ ဈေးကွက်ခိုင်မာမှုရှိခြင်းတို့ကြောင့် တောင်သူများအနေဖြင့် ယင်းသီးနှံကို နှစ်စဉ်မပြတ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

**Source:** https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉၀၀၀ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိမ်းများကို ဝယ်ယူပြီး စနစ်တကျအခြောက်လှန်း တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် မတ်လတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး၊ ယခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "မအူပင်မြို့နယ်ကနေ ငါးမြွေထိုးခြောက်တွေကို လစဉ်ရန်ကုန်သို့တင်ပို့ရောင်းချနေပါတယ်။ ဧပြီလပထမပတ်က ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ ဧပြီလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက်တွေ မှာယူမှုကောင်းနေပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့လုပ်ငန်းပါ။ အခုလို ငါးခြောက်တွေအဝယ်လိုက်လာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအကုန်အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသမှငါးခြောက်များ တင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်လုပ်ငန်းရှင်များ ရေလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade.gov.mm/article/naypyitaw_

## ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍပို့ကုန်ကျဆင်းမှုကြောင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းကို လျှော့နည်းခန့်မှန်းခဲ့

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေးအလားအလာအရ GDP ကို ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားရခြင်းမှာ ထုတ်လုပ်မှုကဏ္ဍပို့ကုန်ကျဆင်းမှုကြောင့်ဖြစ်ကြောင်း Joint Standing Committee on Commerce, Industry and Banking (JSCCIB) က ထုတ်ပြန်ထားချက်အရ သိရသည်။

စီးပွားရေးတိုးတက်မှုသည် ၂ ဒသမ ၂ ရာခိုင်နှုန်းမှ ၂ ဒသမ ၇ ရာခိုင်နှုန်း၊ ပို့ကုန်ကျဆင်းမှုသည် ၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းမှုသည် ၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်း အသီးသီးဖြစ်ပါကြောင်း၊ အရှေ့အလယ်ပိုင်းနှင့်ယူကရိန်းပဋိပက္ခများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်မှုသည် ၃ ဒသမ ၃ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါကြောင်း ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ်ဥက္ကဋ္ဌ Mr. Kriengkrai Thiennukul က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုညွှန်ကိန်းသည် ၅ ဒသမ ၁၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁၈ လဆက်တိုက် ကျဆင်းလျက်ရှိပါကြောင်း စက်မှုစီးပွားရေးရုံးက ထုတ်ပြန်ထားသည်။

အစိုးရ၏ တစ်ရက်အနည်းဆုံးလုပ်ခလစာ ဘတ် ၄၀၀ တိုးမြှင့်ပေးမည့် အဆိုပြုလွှာကို ရှေ့ဆက်မတိုးသင့်ကြောင်း စီးပွားရေးညွှန်ပြချက်များက ထောက်ပြလျက်ရှိကြောင်း၊ လုပ်ခလစာတိုးမြှင့်မည့်အစီအစဉ်ကို အောက်တိုဘာ ၁ ရက်နေ့မှသာ စတင်ရန် အစိုးရကိုတောင်းဆိုခဲ့သည့် ထိုင်းကုန်သည်ကြီးများအသင်း၏ အဆိုပြုချက်ကို ကော်မတီအနေဖြင့် ထောက်ခံပါကြောင်း၊ အဆိုပြုလွှာအပေါ် ပြန်လည်စဉ်းစားရန် အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်လျက်

ရှိပါကြောင်း၊ လစာတိုးမြှင့်မှုသည် လုပ်သားအင်အားများသည့် ထုတ်လုပ်မှုနှင့်အစားအသောက်ရောင်းချသည့် ဈေးသည်များ ကဲ့သို့သော လုပ်ငန်းငယ်များတွင် သက်ရောက်မှုရှိပါကြောင်း၊ လုပ်ငန်းများသည် စွမ်းအင်ဈေးနှုန်းမြင့်တက်မှုနှင့် ပြည်သူတို့၏ ဝယ်လိုအားကျဆင်းလာမှုတို့အတွက် ရုန်းကန်နေရပါကြောင်း Mr. Kriengkrai က သုံးသပ်ထားသည်။

ထိုင်းနိုင်ငံသားများအတွက် အနည်းဆုံးလုပ်ခလစာ တိုးမြှင့်ပေးခြင်းကို ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ခဲ့ပြီး ပြည်နယ် အလိုက် ဘတ် ၃၃၀ မှ ၃၇၀ ကြားဖြစ်ပါကြောင်း၊ သုံးပွင့်ဆိုင်လုပ်ခလစာကော်မတီက ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်း များနှင့် ပြည်နယ် ၁၀ ခုရှိ အနည်းဆုံးအလုပ်သမား ၅၀ ဦးရှိသော ကြယ် ၄ ပွင့်အဆင့်ရှိဟိုတယ်များအတွက် လစာကို ဘတ် ၄၀၀ ထိတိုးမြှင့်ရန် အတည်ပြုခဲ့ပြီး ဧပြီလ ၁၃ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပါကြောင်း၊ အခြားနယ်ပယ်များနှင့် လုပ်ငန်းအမျိုးအစားအလိုက် လစာတိုးမြှင့်ပေးသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ Joint Standing Committee on Commerce, Industry and Banking (JSCCIB) က စီးပွားရေးအလားအလာ တိုးတက်မှုနှုန်းကို ကမ္ဘာ့ကုန်သွယ်ရေးနှေးကွေးလာမှု၊ အနည်းဆုံးလုပ်ခတိုးမြှင့်ပေးရန် လျာထားမှုနှင့်ထုတ်လုပ်မှုကုန်ကျစရိတ် တိုးမြှင့်လာမှုအပေါ်မူတည်၍ လျော့နည်းခန့်မှန်းထားခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။


**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Npt-1

## “ပြည်ပပို့ကုန် ဈေးကွက်အလားအလာရှိသော လျှော်ဖြူ” ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ခြင်း






“ပြည်ပပို့ကုန် ဈေးကွက်အလားအလာရှိသော လျှော်ဖြူ” ရှင်းလင်းဆွေးနွေးပွဲကို ၉-၅-၂၀၂၄ ရက်နေ့၊ ၁၂ နာရီ ၃၀ မိနစ် အချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်(၃)၊ အစည်းအဝေးခန်းမ၌ (Virtual System)ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး၊ တာဝန်ခံများစုစုပေါင်း(၂၈)ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့၊ တာဝန်ခံလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နှင်းပန်းဖြူက စစ်ကိုင်းတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် ဈေးကွက်အလားအလာရှိသောအမည်ဖြစ်သည့် လျှော်ဖြူပို့ကုန် ဈေးကွက်အလားအလာအား ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေးပွဲတက်ရောက်လာသူများမှသိရှိလိုသည်များအား အထွေထွေဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲကို နေ့လယ် ၂ နာရီ ၃၀ မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့သည်။

**Source: မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**https://myantrade.gov.mm/article/Nay%**

## ပြည်တွင်းသုံး ကုလားပဲအုပ်စု ဈေးကျဆင်းနေပြီး အသစ်ဝင်အညာမြေပဲဆန် အရောင်းအဝယ်ကောင်းနေ

ပြည်တွင်းသုံး ကုလားပဲအုပ်စု ဈေးကျဆင်းနေပြီး အသစ်ဝင်အညာမြေပဲဆန်များသာ အရောင်းအဝယ်ကောင်းနေကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ပို့ကုန်တင်ပို့နိုင်ခြင်းရှိမှသာ ဈေးပြန်ကောင်းလာနိုင်ကြောင်း ပဲကုန်သည်များ သုံးသပ်ထားသည်။

ပြည်တွင်းစက်ပိုင်များက အညာဒေသထွက် အသစ်ဝင်မြေပဲဆန်များကို ဆီထွက်နှုန်းမြင့်မားသောကြောင့် အဝယ်ကောင်းနေသော်လည်း ဈေးမြင့်တက် ခြင်းမရှိဘဲ ဈေးနှုန်းတည်ငြိမ်နေသည်။

လက်ရှိအချိန်တွင် ပို့ကုန်ပဲများ သင်္ဘောတင်ပို့မှုအခြေအနေကိုမူတည်ကာ ဈေးနှုန်းအတက်အကျဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း လက်ရှိမှာပို့ကုန်သွားရင် ဈေးနှုန်းတက်နိုင်ပေမဲ့ ဒီရက်ပိုင်းဈေးကျဆင်းနေကြောင်း၊ အလားတူပို့ကုန်မသွားနိုင်ရင် ကုလားပဲအုပ်စုလည်း ဈေးကျဆင်းမည်။ ပို့ကုန်က ဒီနေ့မသွားသေးသော်လည်း မနက်ဖြန်ထွက်ချင်ထွက်တာမျိုးဆိုတော့ စောင့်ကြည့်နေရကြောင်း၊ အရောင်းအဝယ်သွက်နေတာကတော့ အသစ်ဝင်အညာမြေပဲဆန်ပဲရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်း ပွဲရုံ)က ပြောသည်။

“ပဲ၊ နှမ်းဈေးကွက်မှာ ထူးခြားတဲ့အရောင်းအဝယ်မရှိဘဲ ပုံမှန်သာအရောင်းအဝယ်ဖြစ်နေပါတယ်။ ကုလားပဲအုပ်စုတွေ ဈေးကျဆင်းမှုများနေပါတယ်။ အဝင်ပစ္စည်းကလည်း မပေါ်ဘူးသာဆိုတယ် ဈေးကွက်ထဲ ထွက်ထွက်လာတယ်။ ပြည်တွင်းသုံးပဲမာလိုင်းတွေပါ ဈေးတက်တာမရှိဘဲ အရောင်းအဝယ်ပုံမှန်ဈေးနဲ့ လည်ပတ်နေပါတယ်။ ကုလားပဲက ပို့ကုန်သွားဖို့ အခုထိတော့ မသေချာသေးဘူး။ ပို့ကုန်မူဝါဒကို စောင့်ကြည့်နေပြီး ပို့ဖြစ်ရင်တော့ ဈေးတွေမြင့်တက်လာမှာပါ။ ပို့ကုန်ထွက်ရင်တော့ ပဲတွေက ဈေးမြင့်ပါတယ်။ လက်ရှိမှာ အညာမြေပဲဆန်တွေ စတင်ဝင်ရောက်လာတော့ ပြည်တွင်းစက်ပိုင်တွေ အဝယ်ကောင်း နေပါတယ်။ မြေပဲဆန်က ဆီထွက်အားကောင်းတော့ အဝယ်ကောင်းနေတာပါ။ ဈေးတော့မတက်ဘဲ ပေါက်ဈေးအတိုင်း အရောင်းအဝယ်ကောင်းနေတာပါ။ ပို့ကုန်ပဲတွေလည်း အရောင်းအဝယ် ထူးထူးခြားခြား မရှိသေးပါဘူး”ဟု ၎င်းကပြောသည်။

မေ ၉ ရက်တွင် အိန္ဒိယကုန်သည်များ၏ ဝယ်လိုအားနည်းနေခြင်းဖြစ်ရာ ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃၈၇,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၁၄,၀၀၀၊ အညာတစ်အိတ်လျှင် ငွေကျပ် ၁၈၆,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးကျဆင်းနေရာ မေ ၉ ရက်တွင် ကုလားပဲ V2 တစ် အိတ်လျှင် ငွေကျပ် ၂၄၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၄၇,၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၂၀,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၃,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာလည်း လိုအပ်ချက်ရှိသလောက်သာအဝယ်ရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀၊ ကနေဒါ စားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ပေါက်ဈေးရှိနေသည်။

မေ ၉ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဆက်လက် မြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## နယ်စပ်မှဝါဂွမ်းပို့ပါက ဗဟိုဘဏ်ထံ ပို့ကုန်ရငွေ ပြန်ရောင်းပေးရန်မလို

လက်ကျန်ဝါဂွမ်းတွေကို ကော့သောင်း-ရနောင်းလမ်းကြောင်းကနေ ပြည်ပကိုတင်ပို့မယ်ဆိုရင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို သတ်မှတ်ဒေါ်လာ ပြန်လည်သွင်းရတဲ့စနစ်ကနေ ကင်းလွတ်ခွင့်ပြုထားတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောပါတယ်။



နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွေ ခက်ခဲနေချိန်မှာ ရေလမ်းကနေ ပြောင်းလဲတင်ပို့ရာမှာ ပို့ကုန်ရငွေပေးသွင်းရခြင်းကို ကင်းလွတ်ခွင့်ပြုဖို့ တောင်းဆိုမှုအပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အထက်ပါအတိုင်း ဖြေလျှော့လိုက်တာလို့ ဝါလုပ်ငန်းရှင်အဖွဲ့က ထုတ်ပြန်ထားပါတယ်။

ပြည်ပဝါစပ်မျိုး Hybrid တွေ တင်သွင်းဖို့ လျှောက်ထားလာမယ်ဆိုရင် လွယ်ကူလျင်မြန်စွာ တင်သွင်းခွင့်ရရှိအောင် ဆောင်ရွက်ပေးမယ်လို့လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူက ကတိပြုထားပါတယ်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကတော့ တောင်သူတွေလိုအပ်တဲ့ သွင်းအားစုတွေရရှိစေရေးအတွက် ဝါစိုက်တစ်ဧကကို ချေးငွေ ကျပ်နှစ်သိန်းနှုန်းနဲ့ ထုတ်ချေးပေးမယ်လို့ အသိပေးထားပါတယ်။

လက်ကျန်ဝါတွေ ဈေးကွက်ရရှိရေးအတွက် စက်မှုဝန်ကြီးဌာနက A အဆင့် ဝါပိဿာချိန် ၂၉ သိန်းနဲ့ C အဆင့် ဝါပိဿာချိန် တစ်သိန်း ဝယ်ယူသွားဖို့ရှိနေပါတယ်။

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်က ဝါကြိတ်စက်ရုံတွေမှာ အသုံးပြုဖို့ရည်ရွယ်ထားပြီး လက်ရှိမှာ တင်ဒါခေါ်ဆဲ အခြေအနေသာရှိနေသေးတယ်လို့ ဝါလုပ်ငန်းရှင်အဖွဲ့က ပြောပါတယ်။

ဝါကို မိုးကြို၊ မိုးဝါ၊ မိုးနှောင်းဝါဆိုပြီး စိုက်ပျိုးကြပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနဲ့နေပြည်တော်ကောင်စီနယ်မြေတို့မှာ ဧက ၃ သိန်းခန့် စိုက်ပျိုးကြပါတယ်။

အောင်လံကုန်စည်ဒိုင်ရဲ့ နေ့စဉ်အရောင်းအဝယ်ဖြစ်မှုအရ ဝါတစ်ပိဿာ ကျပ် ၂၇၀၀၊ ကျပ် ၂၈၀၀ ဈေးရှိကြောင်း ဖော်ပြထားပါတယ်။

**Source: BETV Business**

## STOCK EXCHANGE (10.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,091 (Shares) | 23,463,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,500 | 8,700 | 8,500 | 1,962 | 17,059,400 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 1,787 | 5,154,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 109 | 861,100 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 79 | 122,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 144 | 237,600 | 19,977,223 | 32,962 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 3 | 13,800 | 10,497,598 | 48,289 |
| MAEX | 00008 | 2,100 | +50 | +2.44% | 2,050 | 2,100 | 2,050 | 7 | 14,550 | 23,804,946 | 49,990 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 9th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.15 | +1.85 | +0.50% | 364.98 | 370.15 | 364.98 | 4,091 | 23,463,700 | 8 | 698,167 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 10th May, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,015 (Shares) | 35,205,200 (MMK) |

| MYANPIX | 372.78 ▲ 2.63 |
|---|---|
| Total Volume (shares) | 12,015 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 703,132 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 2,150 | ▲ 50 |